**မှိုနတို**

Scientific name - *Marsilea minuta* L.

Common name - Pepperwort

Family - Marsileaceae








အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံရေကြိုက်ကျောက်ခက်ပင်မျိုးဖြစ်ပြီး ရှည်လျားသေးသွယ်သည်။ ကိုင်းဖြာ၍ တွားသွားသော မြေအောက်ပင်စည်ရှိသည်။ ရွက်ညှာသည် ရှည်လျား၍ စွတ်စိုသောမြေတွင် ၅ - ၁၀ စင်တီမီတာရှည်သည်။ ရွက်မြွှာသည် ကလိုဗာအရွက်ပုံရှိပြီး အများအားဖြင့်လေးခုရှိသည်။ ရွက်ရင်းပိုင်းသည် တြိဂံပုံရှိပြီး ထိပ်ပိုင်းတွင်ဝိုင်းသည်။ တစ်နေရာတည်းမှ စုထွက်သည်။ ပန်းခိုင်သည် မျိုးမှုန်ထုတ်လုပ်သည့်အမျိုးအစားဖြစ်ပြီး အရွက်ရိုးတံ၏အခြေမှထွက်သည်။ မျိုးမှုန်ထုတ်လုပ်သည့် အင်္ဂါ မျိုးစေ့အိတ်နုချိန်တွင် အညိုရောင်အမွေးနုများဖြင့် ဖုံးအုပ်ထားပြီး ရင့်သောအခါ ပြောင်ချောလာသည်။ မျိုးစေ့အိတ်မှ မျိုးစေ့မှုန် (အလွန်သေးငယ်သောမျိုးမှုန်)များ၊ မြေအောက်ပင်စည်နှင့် ပင်စည်ပိုင်းပြတ်များဖြင့် မျိုးပွားသည်။